# ဝဘ်ဘရောက်ဇာများတွင် ဘာသာစကား ဆက်တင်များ ပြောင်းလဲရန် ညွှန်ကြားချက်များ

**Google Chrome**

1. အပေါ်ညာဘက်ထောင့်ရှိ အစက်သုံးစက် မီနူးသင်္ကေတ ( ⋮ ) ကို နှိပ်ပါ။
2. **Settings (ဆက်တင်များ)** သို့ သွားပါ။ ပြီးလျှင် **Languages (ဘာသာစကားများ)** အပိုင်းသို့ သွားပါ။ လိပ်စာဘားတွင် chrome://settings/languages ဟု ရိုက်ထည့်ခြင်းသည်လည်း ဖြတ်လမ်းနည်းတစ်ခုဖြစ်သည်။
3. "Preferred languages (ဦးစားပေး ဘာသာစကားများ)" အောက်တွင် **Add languages (ဘာသာစကားများ ထည့်ရန်)** ကို နှိပ်ပါ။
4. သင်နှစ်သက်ရာ ဘာသာစကားဘေးရှိ အကွက်ကို အမှန်ခြစ်ပြီး **Add (ထည့်ရန်)** ကို နှိပ်ပါ။
5. အသစ်ထည့်လိုက်သော ဘာသာစကားဘေးရှိ အစက်သုံးစက် မီနူး ( ⋮ ) ကို နှိပ်ပါ။
6. ဝဘ်ဆိုက်များအတွက် ပုံသေသုံးရန် **Move to the top (ထိပ်ဆုံးသို့ ရွှေ့ရန်)** ကို ရွေးချယ်ပါ။ သို့မဟုတ် ဘရောက်ဇာ၏ ကြားခံဘာသာစကားကို ပြောင်းလဲရန် **Display Google Chrome in this language (Google Chrome ကို ဤဘာသာစကားဖြင့် ပြသရန်)** ကို ရွေးချယ်ပါ (Windows အတွက်သာ)။
7. အပြောင်းအလဲများ စတင်ဖြစ်ပေါ်စေရန် Chrome ကို ပိတ်ပြီးပြန်ဖွင့်ပါ။

**Mozilla Firefox**

1. ညာဘက်အပေါ်ထောင့်ရှိ မျဉ်းသုံးကြောင်း မီနူးသင်္ကေတ ( ⋮ ) ကို နှိပ်ပြီး **Settings (ဆက်တင်များ)** ကို ရွေးချယ်ပါ။
2. "General (အထွေထွေ)" ထဲတွင် **Language (ဘာသာစကား)** အပိုင်းသို့ ဆင်းသွားပါ။
3. နှိပ်လျှင်ပေါ်လာသည့်မီနူးကို နှိပ်ပြီး စာရင်းတွင်ပါရှိသည့် ဘာသာစကားတစ်ခုကို ရွေးချယ်ပါ သို့မဟုတ် အသစ်တစ်ခုထည့်ရန် Search for more **languages…** (နောက်ထပ် **ဘာသာစကားများ**အား ရှာဖွေရန်…) ကို နှိပ်ပါ။

4. ဘာသာစကားအသစ်တစ်ခု ထည့်သွင်းပါက ၎င်းကို စာရင်းမှ ရွေးချယ်ပြီး **Add (ထည့်ရန်)** ကို နှိပ်ပါ။ ပြီးလျှင် **OK (အိုကေ)** ကို နှိပ်ပါ။
5. သင်နှစ်သက်ရာ ဘာသာစကားကို စာရင်း၏ထိပ်ဆုံးသို့ ရွှေ့ရန် **Move Up (အပေါ်သို့ ရွှေ့ရန်)** ခလုတ်ကို အသုံးပြုပါ။
6. သင်၏အပြောင်းအလဲများကို သိမ်းဆည်းရန် **Apply and Restart (အသုံးချပြီး ပိတ်၍ပြန်ဖွင့်ရန်)** ကို

**Microsoft Edge**

1. ညာဘက်အပေါ်ထောင့်ရှိ အစက်သုံးစက် မီနူးသင်္ကေတ (...) ကို နှိပ်ပြီး **Settings (ဆက်တင်များ)** ကို ရွေးချယ်ပါ။
2. ဘယ်ဘက်ရှိ မီနူးမှ **Languages (ဘာသာစကားများ)** ကို နှိပ်ပါ။
3. သင်နှစ်သက်ရာ ဘာသာစကားကို ရှာဖွေပြီး ထည့်သွင်းရန် **Add languages (ဘာသာစကားများ ထည့်ရန်)** ကို နှိပ်ပါ။
4. သင်ထည့်လိုက်သော ဘာသာစကားဘေးရှိ အစက်သုံးစက် မီနူး (...) ကို နှိပ်ပါ။
5. ဝဘ်ဆိုက်များအတွက် **Move to the top (ထိပ်ဆုံးသို့ ရွှေ့ရန်)** ကို ရွေးချယ်ပါ သို့မဟုတ် **Display Microsoft Edge in this language (Microsoft Edge ကို ဤဘာသာစကားဖြင့် ပြသရန်)** ကို ရွေးချယ်ပြီး နှိပ်ပါ
6. ကြားခံဘာသာစကား ပြောင်းလဲရန် **Restart (ပိတ်ပြီးပြန်ဖွင့်ပါ)** ။

**Safari (ဒက်စ်တော့)**

Safari ၏ ဘာသာစကားကို သင်၏ macOS စနစ်ဆက်တင်များက ထိန်းချုပ်ထားသောကြောင့် ၎င်းကို ပြောင်းလိုက်လျှင် အခြားအက်ပ်များတွင် ပြသသည့်ဘာသာစကားကိုပါ ပြောင်းလဲစေမည်။

1. အပေါ်ဘယ်ဘက်ထောင့်ရှိ **Apple menu (Apple မီနူး)** ကို နှိပ်ပြီး **System Settings (စနစ်ဆက်တင်များ)** (သို့မဟုတ် macOS ဗားရှင်းအဟောင်းများတွင် **System Preferences (စနစ်ဦးစားပေးများ)** ) ကို ရွေးချယ်ပါ။

2. **General (အထွေထွေ)** ကို နှိပ်ပါ။ ပြီးလျှင် **Language & Region (ဘာသာစကားနှင့် ဒေသ)** ကို နှိပ်ပါ။
3. သင်နှစ်သက်ရာ ဘာသာစကားကို "Preferred languages (ဦးစားပေး ဘာသာစကားများ)" စာရင်း၏ ထိပ်ဆုံးသို့ ဆွဲရွှေ့ပါ။
4. ပေါ်လာသော အသိပေးအကွက်တွင် အပြောင်းအလဲကို အတည်ပြုပါ။
5. အပြောင်းအလဲများ စတင်ဖြစ်ပေါ်စေရန် Safari ကို ပိတ်ပြီးပြန်ဖွင့်ပါ။

**Safari (မိုဘိုင်း)**

macOS လိုပင် iPhone သို့မဟုတ် iPad ရှိ Safari ၏ ဘာသာစကားကို စနစ်တစ်ခုလုံးအတွက် ဆက်တင်များက ထိန်းချုပ်ထားသည်။

1. **Settings (ဆက်တင်များ)** သို့ သွားပါ။ ထို့နောက် **General (အထွေထွေ)** သို့ သွားပါ။
2. **Language & Region (ဘာသာစကားနှင့် ဒေသ)** ကို နှိပ်ပါ။
3. သင်နှစ်သက်ရာ ဘာသာစကားကို **Preferred Language Order (ဦးစားပေး ဘာသာစကား အစီအစဉ်)** စာရင်း၏ ထိပ်ဆုံးသို့ ဆွဲရွှေ့ပါ။
4. အပြောင်းအလဲများ စတင်ဖြစ်ပေါ်စေရန် Safari ကို ပိတ်၍ပြန်ဖွင့်ပါ